# အခြားလုပ်ငန်းစဉ်များ (၄)

## မိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ငန်းဆောင်ရွက်ခြင်း။

လက်ရှိတွင်နိုင်ငံတစ်ကာ အဖွဲ့အစည်း(၂)ခုဖြစ်သော Summer Institute of Linguistics (SIL International)နှင့် Hosanna အဖွဲ့တို့နှင့် မိတ်ဖက်လုပ်ဆောင်လျက်ရှိပါသည်။ SIL အဖွဲ့နှင့်စာပေလုပ်ငန်းသုတေသနပြုခြင်း၊ မြှင့်တင်ခြင်း၊ သမ္မာကျမ်းစာဘာသာပြန်ဆိုခြင်းနှင့်ပုံနှိပ်ခြင်းတို့ကိုဆောင်ရွက်လျက်ရှိပါသည်။

Hosanna အဖွဲ့နှင့်ဓမ္မသစ်ကျမ်းကို ကျမ်းစကားအတိုင်း၊ ဇာတ်လမ်းပုံစံဖြင့်အသံသွင်းခြင်းကို စာမတတ်သူများနှင့်ဧဝံဂေလိလုပ်ငန်းအတွက် အထူးရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်ပါသည်။ ယခုအခါ မြန်မာဘာသာ၊ ကရင်ဘာသာ၊ ကချင်ဘာသာနှင့်ချီချင်းဘာသာများဖြင့်အသံသွင်းပြီးဖြစ်ပါသည်။ ဤအသံသွင်းချက်များကို Proclaimer စက်ဖြင့်နားထောင်နိုင်မည်ဖြစ်ပါသည်။ စက်များကိုစာမတတ်သူများ၊သက်ကြီးရွယ်အိုများနှင့်သာသနာကွင်းများတွင်ထိရောက်အောင်မြင်စွာအသုံးပြုနိုင်ရန် Hosanna မှ ပေးပို့လျက်ရှိရာအသင်းတော်များသို့ဖြန့်ဝေပေးလျက်ရှိပါသည်။